ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

ကော့မှူးမြို့နယ်

လူထုဗဟိုပြုစီမံကိန်း

National Comunity Driven Development Project

(NCDDP)



# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

# Village Development Plan (VDP)

နောင်လုံကျေးရွာ    ရေကျော်ကျေးရွာအုပ်စု

၂၀၁၇ - ခုနှစ်

# မာတိကာ


စဉ် အကြောင်းအရာ

၁။ မြို့နယ်မြေပုံ

၂။ ကျေးရွာမြေပုံ (တည်နေရာ)

၃။ အုပ်စုတွင်ပါဝင်သော ကျေးရွာများစာရင်း

၄။ ကျေးရွာအခြေခံအချက်အလက်များ

၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ်(PSA/PRA) အကျဉ်းချုပ်ဇယား

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော PRA toolsများနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်း ဓာတ်ပုံများ

၈။ ကော်မတီဝင်များစာရင်း

၉။ ကျေးရွာအချက်အလက် (ပုံစံ-၁)

၁၀။ စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ-၂)

၁၁။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃)

၁၂။ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း (ပုံစံ-၄)

၁၃။ အစည်းအဝေးတက်ရောက်သူများစာရင်း (ပုံစံ-၁၂)

၁၄။ အစည်းအဝေးမှတ်တမ်းများ

၁၅။ ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

၁၆။ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အရည်အသွေးထိန်းချုပ်မှု (Check List for VDP)

# ကော့မှူးမြို့နယ် အခြေပြမြေပုံ



N
W
E
S
ရန်ကုန်တိုင်း
ကော့မှူးမြို့နယ်အခြေပြမြေပုံ
စကေး = ၃လက်မ ၁မိုင်
စတုရန်းမိုင် ၂၄၁· ၀၉
ဧက ၁၅၄၃၀၁
တွံတေးမြို့နယ်
မအူပင်မြို့နယ်
ကျိုက်လတ်မြို့နယ်
ဒေးဒရဲမြို့နယ်
ကွမ်းခြံကုန်းမြို့နယ်
ပါးသောက်မြစ်
ရန်ကုန်မြစ်
ညွှန်ပြချက်များ
၁။ မြို့နယ်နယ်နိမိတ်
၂။ ကျေးရွာနယ်နိမိတ်
၃။ ကတ္တရာလမ်း
၄။ ကျောက်လမ်း
၅။ အဓမခံလမ်း
၆။ မြေသားလမ်း

| | | | | | | |
|---|---|---|---|---|---|---|
| | ၉-၃- | | | | | မြေတွင်း ရေကန် သစ်တောများကို မှတ်သားပြီး အသုံးပြုနိုင်မှု ပြဿနာအခက်အခဲများကို ဆန်းစစ်ခြင်း |
| ှူဒိန် endar) | ၉-၃-၂၀၁၆ | ရွာသူရွာသားများ | ၂၀ | ၂၀ | ၄၀ | ရာသီဥတု၊ စိုက်ပျိုးသီးနှံများ၊ လယ်ယာလုပ်ငန်းများ၊ နေ့စား ကျပန်းလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများ၊ အစာရေစာရရှိမှု ပွဲတော်များ |
| ဝမှု တ်ခြင်း ing) | ၁၀-၃-၂၀၁၆ | ချမ်းသာ၊ အလယ်အလတ်၊နွမ်းပါး၊ အလွန်နွမ်းပါး အုပ်စုများ | ၉ | ၃၁ | ၄၀ | ကျေးရွာလူမှုစီးပွါးအုပ်စုများခွဲခြားသတ်မှတ်နိုင်ရေးအတွက် အခြေခံစံနှုန်းများသတ်မှတ်ခြင်း ကျေးရွာသားများနှင့်အများ သဘောတူခွဲခြားသတ်မှတ်ခြင်း |
| ပိုင် ်ခြင်း | ၉-၃-၂၀၁၆ | ရွာသူရွာသားများ | ၁၂ | ၂၀ | ၃၂ | အရင်းအမြစ်များစာရင်းပြုစုခြင်း အရင်းအမြစ်များကို ကျား၊ မ ပိုင်ဆိုင်မှု၊ ထိန်းချုပ်မှု၊ အသုံးပြုနိုင်မှုကို ဆန်းစစ်လေ့လာခြင်း |
| ချိတ် ာခြင်း m) | ၉-၃-၂၀၁၆ | ရွာသူရွာသားများ | ၁၂ | ၁၉ | ၃၁ | ကျေးရွာဖွံ့ဖြိုးရေးအတွက် ရွာတွင်း ရွာပ အဖွဲ့အစည်းအသီးသီးနှင့် မည်သို့ချိတ်ဆက်လုပ်ဆောင်ကြသည်ကို လေ့လာဆန်းစစ်ခြင်း |
| းသပ်ခြင်း ) | -၃-၂၀၁၆ | ရွာသူရွာသားများ | ၉ | ၃၁ | ၄၀ | အမျိုးသားများနှင့် အမျိုးသမီးများ တန်းတူအခွင့်အရေးရရှိမှု/ မရရှိမှုနှင့် ကွာဟချက်ကို |

| | |
|---|---|
| ၃ | ရာသီခွင်ပြပြ (Seasonal Ca |
| ၄ | ဥစ္စာဓနကြွယ် အဆင့်သတ် (Wealth Rank |
| ၅ | ကျားမရေးရ ဆိုင်မှုသုံးသ (Gender) |
| ၆ | အဖွဲ့အစည်း ဆက်မှုလေ့ (Venn Diagr |
| ၇ | ပင့်ကူအိမ် (Spider Wel |

[redacted]

## လူမှုရေးအရင်းအမြစ်ပြမြေပုံသုံးသပ်ချက်

နောင်လုံကျေးရွာသည် ကော့မှူးမြို့၏ အနောက်ဘက်ခြမ်းတွင် တည်ရှိပါသည်။ နောင်လုံကျေးရွာ၏ အရှေ့တောင်ဘက်တွင် ကျုံဖာကျေးရွာ၊ အနောက်ဘက်တွင် တွံတေးမြို့နယ်၊ မြောက်ဘက်တွင် ရေကျော်ကျေးရွာတို့ တည်ရှိပါသည်။ နောင်လုံကျေးရွာတွင် အိမ်ခြေ ၉၃ ခန့်ရှိပြီး တစ်ရွာလုံး ဗုဒ္ဓဘာသာကို ကိုးကွယ်ကြပါသည်။ မူလတန်းကျောင်း တစ်ကျောင်း ရှိပါသည်။ အမျိုးသမီးဦးစီးသော အိမ်ထောင်စု အရေအတွက်မှာ ၁၂ အိမ် ရှိပါသည်။ လူဦးရေမှာ အမျိုးသား ၂၀၉ ဦး၊ အမျိုးသမီး ၂၂၄ ဦး စုစုပေါင်း ၄၃၃ ဦး ရှိပါသည်။

ရွာတွင် အသက်မွေးဝမ်းကျောင်းပြုရန် အရင်းအမြစ်အဖြစ် လယ်နှင့်ချောင်းတို့ ရှိပါသည်။

## သောက်သုံးရေ

နောင်လုံကျေးရွာတွင် သောက်သုံးရေအတွက် သောက်ရေကန်တစ်ကန် ရှိပါသည်။ သို့ရာတွင် အောက်မြေမလုံသဖြင့် ရေမကောင်းပါ။ ထို့ကြောင့် အနီးစပ်ဆုံးဖြစ်သည့် ကျုံဖာကျေးရွာသို့ လှေများဖြင့် တကူးတက သွားရောက်ခပ်ယူကြရပါသည်။

## လမ်းပန်းဆက်သွယ်ရေး

လမ်းပန်းဆက်သွယ်ရေးမှာ ရွာသူရွာသားများ စုပေါင်းလုပ်အားဖြင့် ဖောက်လုပ်ထားသည့် ရွာတွင်းလမ်း ရှိပါသည်။ ထိုရွာတွင်းလမ်းမှာ ရေကျော်ကျေးရွာအထိ ပေါက်မြောက်ပြီး တစ်ဘက်ကမ်း တွံတေးမြို့နယ်နှင့်လည်း ကူးလူးဆက်သွယ်နိုင်ပါသည်။ ပေ ၆၀၀၀ ကျော် ရှည်လျားသည့် ရွာတွင်းလမ်းကို အသုံးပြုကာ ချောင်းဝကျေးရွာ၊ ကျွန်းကလေးကျေးရွာများမှ ကျောင်းသားငယ်များပါ ရေကျော်ကျေးရွာအထက်တန်းကျောင်းခွဲသို့ သွားရောက်ပညာသင်ကြားကြပါသည်။ သို့သော် နောင်လုံကျေးရွာ၏ ရွာတွင်းလမ်းမှာ ကျဉ်းမြောင်းလွန်းသည့်အပြင် မိုးအခါ လမ်းပျက်စီးခြင်း၊ ယာယီတံတားများ ဆွေးမြေ့ပျက်စီးခြင်းတို့ကြောင့် ကျောင်းသားငယ်များအတွက်ရော ရွာသူရွာသားများအတွက်ပါ အခက်အခဲရှိပါသည်။ ထို့ကြောင့် လူထုဗဟိုပြု စီမံကိန်းဖြင့် ရွာတွင်းလမ်းကို အဆင့်မြှင့်တင်တိုးချဲ့ရန် တစ်ရွာလုံးက သဘောတူဆုံးဖြတ်ခဲ့ကြပါသည်။

## ပညာရေး

ပညာရေးအတွက် အခြေခံပညာမူလတန်းကျောင်းရှိပြီး အနီးဆုံးဖြစ်သည့် ရေကျော်ကျေးရွာတွင် အလယ်တန်းပညာရေးနှင့် အထက်တန်းပညာရေးကို သွားရောက်သင်ကြားနိုင်ပါသည်။

## ကျန်းမာရေး

နောင်လုံကျေးရွာတွင် ကျေးလက်ဆေးပေးခန်း၊ ကျန်းမာရေးဌာနခွဲတို့ မရှိပါ။ ကျန်းမာရေးအတွက် တွံတေးမြို့သို့လည်းကောင်း၊ ကျိုက်ထော်ကျေးရွာသို့လည်းကောင်း သွားရောက်ကုသကြရပါသည်။ စီးပွါးရေးနှင့် လမ်းပန်းဆက်သွယ်ရေးအခြေအနေအရ တော်တန်ရုံရောဂါမျှကို သွားရောက်ကုသခြင်းမရှိသည်ကိုလည်း သိရပါသည်။ ကိုယ်ဝန်ဆောင်နှင့် ကလေးငယ်များအတွက် လိုအပ်သည့် ကာကွယ်ဆေးများကို အခါ အားလျော်စွာ တိုက်ကျွေးမှု ရှိပါသည်။ တစ်ရွာလုံး ယင်လုံအိမ်သာ အသုံးပြုကြသည်ကိုလည်း တွေ့ရပါသည်။

**စီးပွါးရေး**

နောင်လုံကျေးရွာ၏ အဓိကစီးပွါးရေးမှာ ကွမ်းခြံစိုက်ပျိုးခြင်းနှင့် ကျပန်းလုပ်ငန်းဖြစ်ပါသည်။ အိမ်ထောင်စု (၆၃)စုခန့်မှာ ကျပန်းလုပ်သားများသာ ဖြစ်ပါသည်။ လယ်လုပ်ငန်းလုပ်သူနှင့် ငါးမွေးမြူရေး၊ ပုစွန်မွေးမြူရေးလုပ်ကိုင်သူ အနည်းငယ်ရှိပါသည်။

**အနှစ်ချုပ်ပြဿနာ**

နောင်လုံကျေးရွာ၏ ပြဿနာအချုပ်မှာ ရွာတွင်းလမ်းကျဉ်းမြောင်းခြင်း၊ သောက်သုံးရေးမရရှိခြင်းနှင့် စပါးစိုက်ပျိုးရေးအတွက် ချောင်းမြောင်းတိမ်ကောလာခြင်းတို့ဖြစ်ပါသည်။ အများစုမှာ အလုပ်အကိုင်ရှားပါးမှုကြောင့် စားဝတ်နေရေးခက်ခဲကြပါသည်။

ပံ့ပိုးကူညီသူ – ဦးအောင်မြင့်သိန်း၊ ဦးအောင်မြင့်မြတ်၊ ဒေါ်ချစ်သဲ

ပါဝင်ဆွေးနွေးသူများ – ရွာသူရွာသားများ ကျား(၁၉) မ(၁၁)

ရာသီခွင်ပြပြက္ခဒိန်ဇယား

နောင်လုံကျေးရွာ　　　　ရေကျော်ကျေးရွာအုပ်စု　　　　၁၀-၃-၂၀၁၉




ပံ့ပိုးကူညီသူ - ဦးအောင်မြင့်သိန်း၊ ဒေါ်ချစ်သဲ

**ရာသီခွင်ပြပြက္ခဒိန်သုံးသပ်ချက်**

နောင်လုံကျေးရွာ၏ အဓိကအသက်မွေးဝမ်းကျောင်းမှာ စိုက်ပျိုးရေးနှင့် ကျပန်းလုပ်ငန်းသာ ဖြစ်ပါသည်။

တန်ခူးလတွင် နေပူသည်။ နွေစပါးစိုက်ပျိုးသူများ စပါးရိတ်သိမ်းကြသည့် ရာသီဖြစ်ပါသည်။ ထို့ကြောင့် ကျပန်းလုပ်သူများအတွက် လယ်ယာလုပ်ငန်းတွင် ဝင်ရောက်လုပ်ကိုင်နိုင်သဖြင့် အလုပ်အကိုင် ရရှိသည့်လ ဖြစ်ပါသည်။ တန်ခူးလတွင် သင်္ကြန်ပွဲတော်ကြီး ကျင်းပကြပါသည်။ ကဆုန်လတွင်လည်း နွေစပါး ရိတ်သိမ်း နေကြဆဲပင် ဖြစ်ပါသည်။ ငါးမွေးမြူရေးလုပ်သူများ ကန်များကို ရှင်းလင်းသန့်စင်နေသည့် အချိန်လည်း ဖြစ်ပါသည်။ ထို့ကြောင့် ကျပန်းလုပ်သူများမှာ လယ်လုပ်ငန်း ကန်လုပ်ငန်းတို့တွင် ဝင်ရောက်လုပ်ကိုင်နိုင်သည်။ ချောင်းရေနည်းချိန်များဖြစ်သဖြင့် ဤလများတွင် ရေလုပ်ငန်း မလုပ်ကိုင်နိုင်သေးပါ။ နယုန်လတွင် မိုးစတင် ရွာသွန်းလာပါပြီ။ ထို့ကြောင့် လယ်သမားများ မိုးစပါးစိုက်ပျိုးရန် ထွန်ယက်ပြင်ဆင်နေကြပါသည်။ ငါးကန် ပုစွန်ကန်များအတွင်း ငါးပုစွန်များ စတင်ထည့်သွင်းနေကြပါပြီ။ ကျပန်းလုပ်သားများအတွက် အလုပ်အကိုင် နည်းပါးစ ပြုလာပါပြီ။

ဝါဆိုလတွင် စပါးစိုက်ပျိုးကြပါသည်။ ရေလုပ်ငန်းလုပ်သူများလည်း ပိုက်ချခြင်း၊ ကွန်ပစ်ခြင်းများ လုပ်ကိုင်ကြပါသည်။ ကျပန်းလုပ်သားများအတွက် အလုပ်အကိုင် အသင့်အတင့်ရှိပါသည်။ ဝါခေါင်လတွင် မိုးဖြိုင်ဖြိုင်ရွာသွန်းပါသည်။ လယ်သမားများ ထွန်တုံးပိတ်ချိန်ဖြစ်သဖြင့် အလုပ်အကိုင် ရှားပါသည်။ ငှက်ပျောစိုက်သူ အနည်းငယ်ရှိပါသည်။ ကျပန်း လုပ်သူအချို့ ရေလုပ်ငန်းတွင် ဝင်ရောက်လုပ်ကိုင်ကြသည်။ တော်သလင်း၊ သီတင်းကျွတ် နှစ်လတွင် ကွမ်းစိုက်ကြသည်။ ရေလုပ်ငန်းလုပ်သူများလည်း ပိုက်ချခြင်း၊ ကွန်ပစ်ခြင်းများ လုပ်ကိုင်ကြသည်။ သီတင်းကျွတ်လတွင် မီးထွန်းပွဲပြုလုပ်ကြပါသည်။

တန်ဆောင်မုန်းလတွင် မိုးလေကင်းလွတ်စ ပြုလာပါပြီ။ နွေစပါးစိုက်ပျိုးရန်အတွက် အချို့ ပြင်ဆင် နေကြချိန် ဖြစ်ပါသည်။ ကျပန်းလုပ်သားများမှာ လယ်လုပ်ငန်းနှင့် ကွမ်းခြံလုပ်ငန်းများတွင် ဝင်ရောက် လုပ်ကိုင်နိုင်သဖြင့် အလုပ်အကိုင် ရရှိနိုင်ပါသည်။ ဤလတွင် ကထိန်ပွဲတော် ကျင်းပကြပါသည်။ နတ်တော်လတွင် ဆောင်းဝင်လာပြီဖြစ်သဖြင့် နှင်းကျလာပါပြီ။ မိုးစပါးရိတ်သိမ်းကြပြီး နွေစပါးစိုက်ပျိုးချိန် ဖြစ်ပါသည်။ ပွဲတော်မရှိပါ။ ပြာသိုလတွင် နှင်းကျ၍ အေးပါသည်။ မိုးစပါးများကို ဤလတွင် ရိတ်သိမ်းခြွေလှေ့ ကြပါသည်။ တပို့တွဲလတို့တွင် ရာသီဥတုမှာ နှင်းကျပြီး အေးပါသည်။ ဗုဒ္ဓပူဇနီယပွဲကျင်းပကြပါသည်။ တပေါင်းလတွင် နေပူလာပါပြီ။ နွေစပါးရိတ်သိမ်းခြင်းလုပ်ငန်းနှင့် ကွမ်းခြံလုပ်ငန်း ရှိပါသည်။ ကျပန်းလုပ်သူ များမှာ ၁၂-လ လုံးလုံး ရွာအတွင်း ပေါ်လာသမျှ အလုပ်အကိုင်များကို အဆင်ပြေရာလိုက်၍ လုပ်ကိုင်ကြ ပါသည်။ ဤလတွင် ဆရာတော်အမှတ်တရပူဇော်ပွဲပြုလုပ်ကြပါသည်။ လယ်ယာလုပ်ကိုင်သော အိမ်ထောင်စု ၁၅စု၊ ကွမ်းစိုက်သည့်အိမ်ထောင်စု ၄၆ စု၊ ငှက်ပျောစိုက်သည့်အိမ်ထောင်စု ၂၈ စု ရှိပါသည်။ လုပ်ငန်းများ အားလုံးတွင် အမျိုးသမီးပါဝင်မှု ရာနှုန်းပြည့် ရှိပါသည်။ ရေလုပ်ငန်းလုပ်သူ ၂၀ ဦး ရှိပါသည်။ ငါးမွေးမြူရေး လုပ်သူ ၃ ဦး၊ ပုစွန်မွေးမြူရေးလုပ်သူ ၂ ဦးရှိပါသည်။

**ပြဿနာအနှစ်ချုပ်**

စိုက်ပျိုးရေးလုပ်သူများမှာ ရာသီဥတုဘေးရန်ကြောင့် ပျက်စီးခြင်း၊ ပိုးမွှားအန္တရာယ်ကြောင့် ပျက်စီးခြင်းများကို နှစ်စဉ်ကြုံတွေ့ရပါသည်။ မွေးမြူရေးလုပ်သူများမှာလည်း အရင်းအနှီးငွေ မရှိခြင်းနှင့် ပိုးမွှားအန္တရာယ်ကြုံတွေ့ခြင်းများ ရှိပါသည်။ ကျပန်းသမားများမှာ အလုပ်အကိုင် ပုံမှန်မရှိခြင်းကြသည်ကို

တွေ့ရပါသည်။ ထို့ကြောင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျပန်းလုပ်ကိုင်စားသူအားလုံး တစ်နှစ်တာ ဝင်ငွေမှာ တစ်နှစ်တာ လောက်ငမှု မရှိကြောင်း တွေ့ရပါသည်။ လောက်ငမှုမရှိသည့်အခါ လူမှုရေး၊ ကျန်းမာရေး၊ စားရေးတို့အတွက် အတိုးဖြင့် ချေးငှါးပြီး ဖြေရှင်းကြရသည်။ ဝင်ငွေနည်းပါးမှုကြောင့် အမျိုးသမီးများ၏ အိမ်တွင်းမှုစီမံခန့်ခွဲရာတွင်လည်း အခက်အခဲများစွာ ရှိပါသည်။

ပံ့ပိုးကူညီသူ - ဦးအောင်မြင့်သိန်း
ပါဝင်ဆွေးနွေးသူ - ရွာသူရွာသားများ (ကျား-၁၅၊ မ-၁၀)

ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ခြင်း

နောင်လုံကျေးရွာ ရေကျော်အုပ်စု ၂၉-၃-၂၀၁၆

| အမျိုးအစား | အဆင့် သတ်မှတ်ခြင်း | အိမ်ထောင်စု ဦးရေ | ရာခိုင်နှုန်း |
|---|---|---|---|
| (က)အဆင့် ချမ်းသာ | တိုက်အိမ်၊ ကန်၊ ခြံ၊ လယ်၊ ကွမ်းခြံ၊ စက်လှေ၊ ဆိုင်ကယ် | ၅ | ၅.၃၈ |
| (ခ)အဆင့် အလယ်အလတ် | ပျဉ်ထောင်အိမ်၊ လယ်၊ ကွမ်းခြံ၊ ငှက်ပျောခြံ | ၂၅ | ၂၆.၈၈ |
| (ဂ)အဆင့် နွမ်းပါး | မြေပိုင်၊ ဝါးအိမ်၊ ကျပန်းလုပ်၊ အကြွေးရှိ | ၅၀ | ၅၃.၇၆ |
| (ဃ)အဆင့် အနွမ်းပါးဆုံး | မြေပိုင်မရှိ၊ ဝါးအိမ်၊ ကျပန်းလုပ်၊ အကြွေးရှိ | ၁၃ | ၁၃.၉၈ |
| စုစုပေါင်း | | ၉၃ | ၁၀၀ |



ပံ့ပိုးကူညီသူ - ဦးအောင်မြင့်သိန်း၊ ဒေါ်ချစ်သဲ

ပါဝင်ဆွေးနွေးသူ - ကျား (၁၀) မ (၁၀)

## ဥစ္စာနေကြွယ်ဝမှုအဆင့်သတ်မှတ်ခြင်းသုံးသပ်ချက်

နောင်လုံကျေးရွာ၏ လူမှုအခြေအနေပြမြေပုံအရ ချမ်းသာသောအုပ်စု၊ အလယ်အလတ်အုပ်စု၊ နွမ်းပါးသောအုပ်စုနှင့် အနွမ်းပါးဆုံးအုပ်စုဟု အုပ်စု(၄)မျိုးရှိသည်။ ချမ်းသာသောအုပ်စုသည် နောင်လုံကျေးရွာ၏ စံသတ်မှတ်ချက်အရ ချမ်းသာသောသူဟု သတ်မှတ်ကြခြင်းဖြစ်ရာ ဤရွာအတွင်းရှိ အိမ်ခြေ ၉၃ ခုအနက် တိုက်အိမ် လယ် ၄က်ပျောခြံ ကွမ်းခြံ ငါးကန် စက်လှေ ဆိုင်ကယ်ရှိပြီး အပိုဝင်ငွေရှိသည့် အိမ်ထောင်စု(၅)ခုကို (က)အဆင့်အဖြစ် သတ်မှတ်ကြပါသည်။ ရာခိုင်နှုန်းအားဖြင့် ၅.၃၈ ရှိပါသည်။

သွပ်မိုးပျဉ်ထောင်အိမ်၊ လယ်၊ ကွမ်းခြံ၊ ၄က်ပျောခြံပိုင်သည့် အိမ်ထောင်စု(၂၅)အိမ်ကို အလယ်အလတ်အဆင့်အဖြစ် သတ်မှတ်ပြီး ရာခိုင်နှုန်းအားဖြင့် (၂၆.၈၈) ရှိပါသည်။ ဝါးအိမ် ကိုယ်ပိုင်ခြံကွက် မျှသာရှိပြီး အလုပ်အကိုင် ပုံမှန်မရှိ အကြွေးရှိပြီး ကျပန်းလုပ်ကိုင်စားရသည့် အိမ်ထောင်စု(၅၀)ကို နွမ်းပါးအဆင့် သတ်မှတ်ပြီး ရာခိုင်နှုန်းအားဖြင့် (၅၃.၇၆) ရှိပါသည်။ ဝါးတဲ ကိုယ်ပိုင်မြေနေရာမရှိ ကျပန်းလုပ်စားပြီး အကြွေးရှိသော အိမ်ထောင်စု(၁၃)စုကို အလွန်နွမ်းပါးအဆင့် သတ်မှတ်ပြီး ရာခိုင်နှုန်းအားဖြင့် (၁၃.၉၈) ရှိပါသည်။

## ပြဿနာအနှစ်ချုပ်

နောင်လုံကျေးရွာတွင် နွမ်းပါးသောအိမ်ထောင်စုမှာ အများစုဖြစ်ပါသည်။ ပြေလည်သည့် အိမ်ထောင်စု များမှာလည်း အလုပ်အကိုင်ပုံမှန်မရှိ၊ ဝင်ငွေပုံမှန်မရှိဘဲ စိုက်ပျိုးရေးလုပ်ငန်းတွင် ရာသီဥတုနှင့် ပိုးမွှားဖျက်ဆီးမှု တို့တွင် အကာအကွယ်ပေးနိုင်သည့် နည်းပညာ၊ အရင်းအနှီးမပြည့်စုံမှုကြောင့် တိုးတက်မှုအခွင့်အလမ်း လွန်စွာ နည်းပါးလှကြောင်း တွေ့ရပါသည်။ ငါး၊ ပုစွန်မွေးမြူသူများမှာလည်း အရင်းအနှီးငွေ မတတ်နိုင်ခြင်းကြောင့် တစ်နှစ်တာလည်ပတ်ရုံသာ ရှိပြီး လုပ်ငန်းချဲ့ထွင်လုပ်ကိုင်နိုင်ရန် အခက်အခဲရှိပါသည်။

ပံ့ပိုးကူညီသူ - ဦးအောင်မြင့်သိန်း၊ ဒေါ်ချစ်သဲ

ပါဝင်ဆွေးနွေးသူ - ရွာသူရွာသားများ (ကျား-၁၀၊ မ-၁၀)

အဖွဲ့အစည်းချိတ်ဆက်မှုပြဇယား

နောင်လုံကျေးရွာ ရေကျော်ကျေးရွာအုပ်စု ၃၀-၃-၂၀၁၆




ပံ့ပိုးကူညီသူ - ဦးအောင်မြင့်သိန်း၊ ဒေါ်ချစ်သဲ
ပါဝင်ဆွေးနွေးသူ - ကျား(၁၀) မ(၁၀)

## အဖွဲ့အစည်းချိတ်ဆက်မှုပြမြေပုံသုံးသပ်ချက်

နောင်လုံကျေးရွာအတွင်းရှိ အဖွဲ့အစည်းများမှာ နာရေးကူညီမှုအသင်း၊ ကျောင်းကော်မတီ၊ ဂေါပကအဖွဲ့၊ ကျေးရွာအုပ်ချုပ်ရေး၊ ပတ်မြန်မာ၊ အမျိုးသမီးအဖွဲ့၊ ပြည်သူ့စစ်တို့ ဖြစ်ပါသည်။ အမျိုးသမီးသီးသန့်ဖွဲ့စည်းထားသော အဖွဲ့များမှာ အမျိုးသမီးအဖွဲ့နှင့် ပတ်မြန်မာအဖွဲ့ဖြစ်သည်။

မြို့နယ်နှင့်ချိတ်ဆက်ဆောင်ရွက်သော အဖွဲ့များမှာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးအဖွဲ့၊ ကျေးလက်ဦးစီးဌာန၊ မြေစာရင်း၊ လဝက၊ မီးသတ်၊ အမျိုးသမီးရေးရာ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး၊ မြို့နယ်ပညာရေး၊ ကြက်ခြေနီ၊ မြို့နယ်ကျန်းမာရေး၊ ပတ်မြန်မာ၊ စိုက်ဘဏ်၊ သမဘဏ်အဖွဲ့တို့ဖြစ်သည်။ အချင်းချင်းပဋိပက္ခဖြစ်နေသည့် အဖွဲ့များ လုံးဝမရှိပါ။

## ပြဿနာအနှစ်ချုပ်

အဖွဲ့အစည်းအသီးသီးနှင့် ပတ်သက်ဆက်နွယ်မှုရှိသော်လည်း ဗဟုသုတနည်းပါးမှုကြောင့် ချိတ်ဆက်ဆောင်ရွက်နိုင်မှု အားနည်းသည်ကို တွေ့ရပါသည်။

ပံ့ပိုးကူညီသူ - ဦးအောင်မြင့်သိန်း၊ ဦးအောင်မြင့်မြတ်၊ ဒေါ်ချစ်သဲ

ပါဝင်ဆွေးနွေးသူ - ရွာသူရွာသားများ (ကျား-၁၀၊ မ-၁၀)

## ကျား+မရေးရာပိုင်ဆိုင်မှုသုံးသပ်ခြင်း

နောင်လုံကျေးရွာ ရေကျော်အုပ်စု ၂၉-၃-၂၀၁၆

|  |  |  |
|---|---|---|
| | | ကွမ်းခြံ |
| | | ချောင်း |
| | | ငှက်ပျောခြံ |
| | | လယ် |
| | | သောက်ရေကန် |

| အရင်းအမြစ် | အသုံးပြုသူ | ထိန်းချုပ်/ဆုံးဖြတ်သူ |
|---|---|---|
| ကွမ်းခြံ | ကျား+မ | ကျား+မ |
| ချောင်း | ကျား+မ | ကျား+မ |
| ငှက်ပျောခြံ | ကျား+မ | ကျား+မ |
| လယ် | ကျား+မ | ကျား+မ |
| သောက်ရေကန် | ကျား+မ | ကျား+မ |

ပံ့ပိုးကူညီသူ - ဦးအောင်မြင့်သိန်း၊ ဒေါ်ချစ်သဲ

ပါဝင်ဆွေးနွေးသူ - ကျား (၁၀) မ(၁၀)

## ကျား+မရေးရာ ပိုင်ဆိုင်မှုခွဲခြမ်းစိတ်ဖြာခြင်းဆွေးနွေးချက်

နောင်လုံကျေးရွာတွင် အရင်းအမြစ်များအဖြစ် ကွမ်းခြံ၊ ချောင်း၊ ငှက်ပျောခြံ၊ လယ်၊ သောက်ရေကန်တို့ ရှိပါသည်။ ထိုအရင်းအမြစ်များနှင့်ပတ်သက်၍ ချောင်းကို ရေလုပ်ငန်းနှင့်လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်ကြသည်။ ချောင်းကို ရေလုပ်ငန်းအဖြစ် အမျိုးသမီးရော အမျိုးသားပါ အသုံးပြုကြပါသည်။ အဓိကထိန်းချုပ်ဆုံးဖြတ်သူအဖြစ် အမျိုးသားရော အမျိုးသမီးကပါ ဦးဆောင်ပါသည်။

လယ်မြေကို နွေစပါး မိုးစပါးစိုက်ပျိုးခြင်းအဖြစ် အမျိုးသမီးရော အမျိုးသားပါ အသုံးပြုသည်။ ထိန်းချုပ်ဆုံးဖြတ်ရာတွင်လည်း အမျိုးသမီးရော အမျိုးသားပါ ပါဝင်ပါသည်။ ကွမ်းခြံ၊ ငှက်ပျောခြံနှင့် ငါးကန်ကို အမျိုးသမီးရော အမျိုးသားပါ အသုံးပြုကြပြီး အဓိကထိန်းချုပ်သူအဖြစ် အမျိုးသမီးရောအမျိုးသားကပါ ဆောင်ရွက်ပါသည်။ သောက်ရေကန်ကို အမျိုးသမီးရော အမျိုးသားပါ အသုံးပြုကြပြီး ထိန်းချုပ်သူအဖြစ်လည်း အမျိုးသမီးရော အမျိုးသားပါ ဆောင်ရွက်ကြပါသည်။

ပွဲပိုးကူညီသူ - ဦးအောင်မြင့်သိန်း၊ ဒေါ်ချစ်သဲ

ပါဝင်ဆွေးနွေးသူ - ရွာသူရွာသားများ ကျား(၁၀) ၊ မ(၁၀)


ပင့်ကူအိမ်ပုံ သုံးသပ်ချက်
ကျား (၁၉) မ (၁၁)

### ပင့်ကူအိမ်သုံးသပ်ချက်

နောင်လုံကျေးရွာတွင် ဘာသာရေးကိစ္စများကို အမျိုးသားရော အမျိုးသမီးပါ တန်းတူပါဝင်ဆောင်ရွက်ကြပါသည်။ အမျိုးသားများက အမျိုးသားများလုပ်ကိုင်နိုင်သော လုပ်ငန်းမှန်သမျှကို အားတက်သရော လုပ်ဆောင်ကြသလို အမျိုးသမီးများကလည်း အမျိုးသမီးများ လုပ်နိုင်သော ဘာသာရေးလုပ်ငန်းများကို ပါဝင်ဆုံးဖြတ် လုပ်ကိုင်ကြပါသည်။ ယောကျ်ားမိန်းမ ခွဲခြားမှုလုံးဝမရှိကြပါ။ လုပ်ကိုင်ကြသည့် လုပ်ငန်းပမာဏ မတူသောကြောင့် ကွာဟမှုအနည်းငယ်သာ ရှိပါသည်။

ရပ်ရေးရွာရေးဆောင်ရွက်ကြရာ၌ အမျိုးသမီးများကလည်း အမျိုးသမီးများနှင့် ဆိုင်ရာတွင် ဦးဆောင်ပါဝင်ကြသကဲ့သို့ အမျိုးသားများကလည်း အမျိုးသားများနှင့်ဆိုင်ရာကဏ္ဍတွင် ဦးဆောင်မှုရှိကြပါသည်။ လုပ်ရသည့်ကဏ္ဍအလိုက် ပါဝင်ရမှုမတူခြင်းသာ ရှိပါသည်။ ယောကျ်ားမိန်းမ ခွဲခြားကန့်သတ်မှု မရှိပါ။

အလုပ်အကိုင်ရရှိမှုမှာ အမျိုးသမီးများ လုပ်ရသည့် ကွမ်းခူးခြင်း၊ ကောက်စိုက်ခြင်းစသည်များတွင် အမျိုးသမီးများ လုပ်ကိုင်ကြသည်။ ငါးဆွဲခြင်း၊ လယ်ထွန်ခြင်း၊ ပိုက်ချခြင်းများတွင် အင်အားသုံးရသဖြင့် အမျိုးသားများသာ လုပ်ကြပါသည်။ ရာသီအလိုက် ပေါ်ပေါက်လာသည့် အလုပ်အကိုင်အပေါ် မူတည်၍ လုပ်ကိုင်ကြရခြင်းဖြစ်သည်။ အမျိုးသားများ၏ အချို့သော အလုပ်အကိုင်များတွင် အမျိုးသမီးများ လုပ်ကိုင်နိုင်သည် ဆိုသော်လည်း အချိန်အခါမတော် သွားလာရခြင်း၊ အင်အားကို အဆမတန် အသုံးပြုရခြင်း စသည်တို့ကြောင့် မိဘ၊ အစ်ကို၊ မောင်စသူတို့က အမျိုးသမီးများကို မလုပ်ကိုင်စေကြပါ။ ထို့ကြောင့် အမျိုးသမီးများအလုပ်အကိုင်ရရှိမှုမှာ အမျိုးသားများထက် နည်းသည်ကို တွေ့ရပါသည်။

ဝင်ငွေရရှိမှုမှာ အမျိုးသားများ အလုပ်မရှိသည့်အချိန်တွင် အမျိုးသမီးတို့၏ ကွမ်းခူးခြင်းစသော အလုပ်များ လုပ်ကိုင်ကြရပါသည်။ သို့သော် အမျိုးသားများ လုပ်ကိုင်ရသည့်အလုပ်များက ပို၍ များပြားသောကြောင့် ဝင်ငွေရရှိမှု ကွာဟချက်ရှိပါသည်။

ပညာရေးအခြေအနေမှာ အမျိုးသမီးများက အမျိုးသားများထက် အနည်းငယ်သာလွန်သည်။ သာလွန်ရခြင်းမှာ အမျိုးသားများက မိသားစုစားဝတ်နေရေးအတွက် မိဘနှင့်အတူ လုပ်ကိုင်ကြရခြင်းကြောင့် စောစီးစွာ ကျောင်းပညာရေးမှ လမ်းခွဲခဲ့ကြရပါသည်။ ထို့ကြောင့် အမျိုးသမီးများ၏ ပညာရေးအခြေအနေက အမျိုးသားများထက် သာလွန်နေခြင်း ဖြစ်ပါသည်။

အိမ်တွင်းမှုဆောင်ရွက်ရာတွင် အမျိုးသမီးနှင့်အမျိုးသား ကွာဟချက် အနည်းငယ်သာ ရှိပါသည်။ အပြင်ဝင်ငွေ ရရှိအောင် ရှာဖွေကြရာတွင် လုပ်ငန်းအများစုမှာ အင်အားအလွန်အမင်း အသုံးပြုရခြင်း၊ ညအချိန်တိုင်အောင် လုပ်ဆောင်ကြရခြင်း စသည်တို့ကြောင့် အမျိုးသားများသာ အပြင်လုပ်ငန်းကို လုပ်ကြသည်က များပါသည်။ ထို့ကြောင့် အိမ်တွင်းလုပ်ငန်းများမှာ အမျိုးသမီးများ လုပ်ရသည့် လုပ်ငန်းအဖြစ် အားလုံးသဘောညီ ခံယူထားပြီးသကဲ့သို့ ဖြစ်နေပါသည်။ ထို့ကြောင့် အိမ်တွင်းမှုလုပ်ငန်းတွင် အမျိုးသမီးများက ပိုလုပ်ကြရခြင်း ဖြစ်ပါသည်။

ပံ့ပိုးကူညီသူ - ဦးအောင်မြင့်သိန်း၊ ဒေါ်ချစ်သဲ

ပါဝင်ဆွေးနွေးသူ - ရွာသူရွာသားများ (ကျား-၁၉၊ မ-၁၁)


ပြဿနာသစ်ပင်ရေးဆွဲခြင်း (မ)
နောင်လုံကျေးရွာ ရေကျော်အုပ်စု ၃၀-၃-၂၀၁၆
ကူညီပံ့ပိုးသူ - ဦးအောင်မြင့်သိန်း၊ ဒေါ်ချစ်သဲ
ပါဝင်ဆွေးနွေးသူ - အမျိုးသမီးများ (၂၁) ဦး

## ပြဿနာသစ်ပင်သုံးသပ်ချက်(မ)

နောင်လုံကျေးရွာတွင် အဓိကရင်ဆိုင်နေရသော ပြဿနာမှာ ရွာတွင်းလမ်းမကောင်းခြင်း ဖြစ်သည်။ ရွာတွင်းလမ်းမကောင်းရသည့်အကြောင်းရင်းမှာ များစွာရှိပါသည်။ အကြောင်းတစ်ချက်မှာ လှူနိုင်တန်းနိုင်သော အလှူရှင်/အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်မှုမရှိခြင်းကလည်း အကြောင်းတစ်ချက် ဖြစ်နေပါသည်။ ရွာသူရွာသားတို့အနေဖြင့် ဗဟုသုတနည်းပါးခြင်း၊ စိတ်ဝင်စားမှု စိတ်အားထက်သန်မှုနည်းပါးခြင်းကြောင့်လည်း ချိတ်ဆက်ဆောင်ရွက်နိုင်မှုမရှိခြင်း ဖြစ်ပါသည်။ နောက်အကြောင်းတစ်ချက်မှာ အလုပ်အကိုင်ရှားပါးမှုကြောင့် ဆင်းရဲကြပါသည်။ ဆင်းရဲကြသဖြင့် ကိုယ်တူကိုယ်ထစနစ်ဖြင့် အကောင်းဆုံးဖြစ်အောင် မလုပ်နိုင်ခြင်းကလည်း အကြောင်းတစ်ချက်ဖြစ်ပါသည်။

ရွာတွင်းလမ်းမကောင်းသဖြင့် ကျန်းမာရေးကိစ္စများ ရှိလာလျှင် ကုသမှုနောက်ကျခြင်း၊ ထို့အတွက် မဖြစ်မနေကုသရသည့်အခါ ငွေပိုကုန်ခြင်း၊ အကြွေးတင်ခြင်း၊ အသက်သေဆုံးခြင်းစသည်များအထိ ဖြစ်နိုင်ပါသည်။

ရွာတွင်းလမ်းမကောင်းခြင်းကြောင့် ပညာရေးကဏ္ဍတွင်လည်း ထိခိုက်မှုရှိပါသည်။ လမ်းမကောင်းသဖြင့် ပညာရေးကို ဆုံးခန်းတိုင်အောင်မတက်တော့ဘဲ မိသားစုစီးပွါးရေးတွင် ဝင်ရောက်ကူညီလုပ်ကြရပါသည်။ ထိုအခါ ပညာတတ်နည်းပါးလာပြီး ဒေသဖွံ့ဖြိုးမှုလည်း နှေးကွေးလာသည်။ နေထိုင်မှုအဆင့် နိမ့်ပါးလာတတ်ပါသည်။

ရွာတွင်းလမ်းမကောင်းခြင်းကြောင့် စီးပွါးရေးတွင်လည်း ထိခိုက်မှုရှိပါသည်။ ပို့ဆောင်သယ်ယူစရိတ်မြင့်မားခြင်း၊ ထို့ကြောင့် ဈေးနှုန်းပိုခြင်း၊ လေလွင့်မှုများပြားခြင်းစသည့်အကျိုးဆက်တို့ကြောင့် ဖွံ့ဖြိုးရေးကို ထိခိုက်တတ်ပါသည်။

### သုံးသပ်ချက်အချုပ်

နောင်လုံကျေးရွာတွင် အိမ်ခြေ(၉၃)လုံးခန့် ရှိရာ စီးပွါးရေးမပြေလည်သည့်အိမ်က ပိုများပါသည်။ ကျပန်းလုပ်သားအများစုဖြစ်ပြီး လယ်ရှိသူများမှာလည်း အနည်းအကျဉ်းသာရှိသဖြင့် ရွာအင်အားဖြင့် ပြင်ဆင်နိုင်ဖို့ မလွယ်ကူပါ။ သို့သော် ရွာတွင်းလမ်းကောင်းမွန်လာအောင် တတ်နိုင်သမျှအင်အားဖြင့် ကိုယ်ထူကိုယ်ထ ပြုပြင်ကြပါသည်။ ယခုအခါ လူထုဗဟိုပြုစီမံကိန်းဖြင့် ရွာတွင်းမြေသားလမ်းတိုးချဲ့ပြုပြင်ရန် တစ်ရွာလုံးက ဆန္ဒပေးထားကြပါသည်။

ပံ့ပိုးကူညီသူ - ဦးအောင်မြင့်သိန်း၊

ပါဝင်ဆွေးနွေးသူ - အမျိုးသမီးများ (၂၁) ယောက်


ပြဿနာသစ်ပင် ရေးဆွဲခြင်း (ကျား)
ကူညီပံ့ပိုးသူ - ဦးအောင်မြင့်သိန်း ၊ ဒေါ်ချစ်သဲ
ပါဝင်ဆွေးနွေးသူ - အမျိုးသား ( ၃၉ ) ယောက်

## ပြဿနာသစ်ပင်သုံးသပ်ချက်(ကျား)

နောင်လုံကျေးရွာတွင် နောက်ထပ်အဓိကရင်ဆိုင်နေရသော ပြဿနာမှာ သောက်သုံးရေမရရှိခြင်း ပြဿနာ ဖြစ်သည်။ သောက်သုံးရေအတွက် ရေတက်သည့်ရက်များတွင် အနီးဆုံးဖြစ်သည့် ကျုံဖာကျေးရွာသို့ လှေများဖြင့် သွားရောက်ခပ်ယူကြရသည်။ ရေမတက်သည့် ရက်များတွင် ချောင်းထဲတွင် ရေမရှိသဖြင့် လှေသွား၍မရနိုင်ပေ။

သောက်သုံးရေမရှိခြင်း၏ အကြောင်းများကို ရှာကြည့်သည့်အခါ ပထဝီအနေအထားမကောင်းခြင်း ကြောင့် ရေအရင်းအမြစ်မရှိခြင်းဖြစ်သလို မိုးရေခံယူသုံးစွဲဖို့အတွက်လည်း မြေနေရာမရှိခြင်းက အကြောင်း တစ်ချက် ဖြစ်နေသည်ကို တွေ့ရပါသည်။ နောက်ထပ်အကြောင်းတစ်ချက်မှာ ငွေကြေးအင်အားနှင့် နည်းပညာ မရှိသဖြင့် ရေကောင်းရေသန့်ဖြစ်လာအောင် ဖန်တီးနိုင်မှုမရှိကြခြင်းကို တွေ့ရပါသည်။ နောက်ထပ်အကြောင်း တစ်ချက်မှာ တိုင်းပြည်ဖွံ့ဖြိုးမှုမရှိသဖြင့် ထောက်ပံ့ပေးနိုင်မှုမရှိခြင်း၊ ဗဟုသုတမရှိခြင်းကြောင့် ချိတ်ဆက် ဆောင်ရွက်နိုင်မှုမရှိခြင်းကြောင့် ရေကောင်းမရခြင်းဟူသော အကြောင်းတရားများကို နောင်လုံကျေးရွာနေ အမျိုးသားများက ရှာဖွေဖော်ထုတ်နိုင်ခဲ့ကြပါသည်။

သောက်သုံးရေမရရှိခြင်းကြောင့် ကျန်းမာရေးပြဿနာအနေဖြင့် ဝမ်းရောဂါဖြစ်ပွါးရခြင်း၊ ကုသရသဖြင့် ငွေကုန်ခြင်း၊ အသက်ဘေးအထိ ထိခိုက်မှုရှိခြင်းတို့ ဖြစ်နိုင်ပါသည်။ လူမှုရေးပြဿနာအနေဖြင့် သက်ကြီးရွယ်အို အိမ်ထောင်စုများမှာ ရွေ့ပြောင်း သယ်ယူရသည့်အခက်အခဲရှိပါသည်။ ပုံးခွက်ငှားရသည့်အခက်အခဲ လှေငှါးရသည့် အခက်အခဲများလည်း နွမ်းပါးသူများမှာ ကြုံတွေ့နေရပါသည်။ အခြားရွာသို့ သွားရောက်သယ်ယူရသဖြင့် အလုပ်ပျက်ခြင်း၊ ဝင်ငွေလျော့ခြင်း၊ အချိန်ကုန်ခြင်းများ ဖြစ်တတ်ပါသည်။ ထို့ကြောင့် စီးပွါးရေးဘက်တွင် ရေအတွက်အချိန်ပေးနေရသဖြင့် ဝင်ငွေရှာဖွေနိုင်မှုအချိန်များ လျော့နည်းကာ ဖွံ့ဖြိုးမှုကို ထိခိုက်နိုင်ပါသည်။

### သုံးသပ်ချက်အချုပ်

နောင်လုံကျေးရွာတွင် အိမ်ခြေ(၉၃)လုံးခန့် ရှိရာ ကိုယ်ပိုင် မိုးရေလှောင်ကန်ပြုလုပ်၍ သိုလှောင်နိုင်သူ နည်းပါးသလို အဝီစိတွင်းဖောက်ရာတွင်လည်း ရေငန်သာ ထွက်သဖြင့် တစ်ရွာလုံးအတိုင်းအတာဖြင့် သောက်သုံး ရေအခက်အခဲကို ကြုံတွေ့နေရသူချည်းသာ ဖြစ်ပါသည်။ ရွာလုံးကျွတ်သုံးရန် မိုးရေလှောင်ကန်အတွက် မြေလှူ မည့်သူရှိသော်လည်း လတ်တလောတွင် ကျောင်းသားကျောင်းသူများ သွားလာရေးအခက်အခဲကို အဓိကထား ဖြေရှင်းချင်သဖြင့် ရွာတွင်းလမ်းပြုပြင်တိုးချဲ့ရေးကိုသာ ဦးစားပေးလုပ်ငန်းအဖြစ် သတ်မှတ်ကြပါသည်။ လိုအပ်ချက်များမှာ သောက်သုံးရေသာမက ချောင်းမြောင်းတိမ်ကောလာမှုကလည်း ကြီးမားသည့် စိန်ခေါ်မှု တစ်ရပ် ဖြစ်နေပါသည်။

ဒီရေတက်သည့်အခါ ချောင်းရေကို ရယူပြီးနွေစပါးစိုက်ပျိုးကြရသည်ဖြစ်ရာ ယခုအခါ ချောင်းမှာ တိမ်ကောလာသဖြင့် နွေအခါရေမရနိုင်သည့် လယ်ဧကများ မြောက်မြားစွာ ရှိလာပါသည်။ ထို့အတွက် ဆန်စပါးထုတ်လုပ်နိုင်မှုမှာ တစ်နှစ်ထက်တစ်နှစ် သိသိသာသာ လျော့ပါးလာကြောင်း တွေ့ရပါသည်။

ပံ့ပိုးကူညီသူ - ဦးအောင်မြင့်သိန်း၊ ဒေါ်ချစ်သဲ

ပါဝင်ဆွေးနွေးသူ - အမျိုးသားများ (၃၉) ယောက်

ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

နောင်လုံကျေးရွာ ရေကျော်အုပ်စု ၃၀-၃-၂၀၁၆

| စဉ် | ပြဿနာအခက်အခဲ | အဆိုပြုသူ | လုပ်ဆောင်ချက် | လုပ်ဆောင်မည့်ကာလ |
|---|---|---|---|---|
| ၁ | လမ်းပန်းဆက်သွယ်ရေးမကောင်း | ကျား + မ | ရွာတွင်းလမ်းပြုပြင်တိုးချဲ့(မြေသား) | ၂၀၁၆ |
| ၂ | သောက်သုံးရေမရရှိခြင်း | ကျား + မ | သောက်ရေလှောင်ကန်(အသစ်) | ၂၀၁၇ |
| ၃ | ကျန်းမာရေးစောင့်ရှောက်မှုအားနည်း | ကျားး + မ | ဆေးပေးခန်း(အသစ်) | |
| ၄ | စိုက်ပျိုးမွေးမြူရေးနည်းပညာမရှိ | ကျား + မ | | |
| ၅ | ချောင်းမြောင်းတိမ်ကောမှု | ကျား + မ | | |
| ၆ | လျှပ်စစ်မီးမရရှိသည့်ပြဿနာ | ကျား | | |
| ၇ | တံတားကျိုးခြင်း၊ လမ်းရေကျော်ခြင်း | မ | တံတားလက်ရန်းတပ် | ၂၀၁၆ |

ပံ့ပိုးကူညီသူ - ဦးအောင်မြင့်သိန်း၊ ဦးအောင်မြင့်မြတ်၊ ဒေါ်ချစ်သဲ

ပါဝင်ဆွေးနွေးသူများ - ကျား (၃၉) မ (၂၁) စုစုပေါင်း(၆၄)ယောက်

နောင်လုံ ကျေးရွာစီမံကိန်းအထောက်အကူပြု ကော်မတီဝင်များစာရင်း

| စဉ် | ကော်မတီအမည် | တာဝန် | အမည် | ကျား/မ |
|---|---|---|---|---|
| ၁. | ကျေးရွာကော်မတီ ဥက္ကဋ္ဌ | ဥက္ကဋ္ဌ | ဦးတင်ရိုး | ကျား |
| ၂. | ကျေးရွာကော်မတီ ဥက္ကဋ္ဌ | ဥက္ကဋ္ဌ | မနှင်း ဆုဝေ | မ |
| ၃. | ဝယ်ယူရေးဆပ်ကော်မတီ | ဥက္ကဋ္ဌ | ဦးဝင်းညို | ကျား |
| ၄. | | မှတ်တမ်းထိန်း | ဦးမြင့်ဦး | ကျား |
| ၅. | | အဖွဲ့ဝင် | မမြင့်မြင့်ဝင်း | မ |
| ၆. | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ | ခေါင်းဆောင် | ဦးရိုးသိန်း | ကျား |
| ၇. | | အဖွဲ့ဝင် | ဒေါ်စိန်ဒို | မ |
| | | ( | | |
| ၈. | လည်ပတ်ထိန်းသိမ်းရေးဆပ်ကော်မတီ | ခေါင်းဆောင် | ဦးစံရွှေ | ကျား |
| ၉. | | အဖွဲ့ဝင် | ဒေါ်ခင်သိန်းမြင့် | မ |
| | | | | |
| | | | | |
| ၁၀. | စေတနာ့ဝန်ထမ်း | အကူ | ဦးကျော်ဝင်း | ကျား |
| ၁၁. | စေတနာ့ဝန်ထမ်း | အကူ | မမြဟာ | မ |
| ၁၂. | အကြံပြုတိုင်ကြားဖြေရှင်းရေးတာဝန်ခံ | အဖွဲ့ဝင် | ဦးချစ် | ကျား |
| ၁၃. | အကြံပြုတိုင်ကြားဖြေရှင်းရေးတာဝန်ခံ | အဖွဲ့ဝင် | ဒေါ်သိန်းဝင်း | မ |
| ၁၄. | ကျေးရွာစာရင်းကိုင် | | ကိုစိုးအောင် | ကျား |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |

ရေကျော်.....ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြု ကော်မတီဝင်များစာရင်း

| စဉ် | တာဝန် | အမည် | ကျား/မ | ရွာအမည် | မှတ်ပုံတင် |
|---|---|---|---|---|---|
| ၁။ | VTPSC ဥက္ကဋ္ဌ | ဦးကျော်မြသိန်း | ကျား | ကွင်းဖြကျိုးလေး | ၁၂/ကမန(နိုင်) ၀၁၈၅၁၉ |
| ၂။ | VTPSC ဥက္ကဋ္ဌ | ဒေါ်နှင်းနုဝေ | မ | နောင်လုံ | ၁၂/ကမန(နိုင်) ၁၂၆၈၃၂ |
| ၃။ | ဘဏ္ဍာရေးဆပ်ကော်မတီဥက္ကဋ္ဌ | ဒေါ်မိုးမိုးဝေ | မ | ကျုံဖာ | ၁၂/ကမန(နိုင်) ၀၇၈၈၀၇ |
| ၄။ | ဘဏ္ဍာရေးဆပ်ကော်မတီငွေထိန်း | ဦးတင်စိုး | ကျား | နောင်လုံ | ၁၂/ကမန(နိုင် ၀၃၁၆၅၀ |
| ၅။ | ဘဏ္ဍာရေးဆပ်ကော်မတီစာရင်းကိုင် | ဒေါ်သိုးသင်း | မ | ကွင်းဖြကျိုးလေး | ၁၂/ကမန(နိုင်) ၀၉၃၂၆၉ |
| ၆။ | VTPSC အဖွဲ့ဝင် | ဦးအောင်တိုး | ကျား | ကျုံဖာ | ၁၂/ကမန(နိုင်) ၀၁၉၂၃၃ |
| ၇။ | | ဦးတင့်လင် | ကျား | ရေကျော် | ၁၂/ကမန(နိုင်) ၀၅၆၃၇၂ |
| ၈။ | | ဦးတင့်လွင် | ကျား | ချောင်းဝ | ၁၂/ကမန(နိုင်) ၀၆၉၄၇၆ |
| ၉။ | | မောင်ဝေဝေကြိုင် | ကျား | ချောင်းဝ | ၁၂/ကမန(နိုင်) ၀၇၆၃၄၆ |
| ၁၀။ | | မသိန်းမြတ်ထွေး | မ | ရေကျော် | ၁၂/ကမန(နိုင်) ၁၁၅၂၆၆ |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| ၁၁။ | ကျေးရွာစာရင်းကိုင် | ဦးအောင်မြင့်ဟိုး | ကျား | ကွင်းဖြကုန်း | |
| ၁၂။ | | ဦးဖြိုးအောင် | ကျား | နောင်လုံ | ၁၂/ကမန(နိုင်) ၁၁၅၁၂၈ |
| ၁၃။ | | ဦးခင်တိုး | ကျား | ကျုံဖာ | ၁၂/ကမန(နိုင်) ၀၄၅၇၈၂ |
| ၁၄။ | | ဦးဝင်းလွင်မျိုး | ကျား | ရေကျော် | ၁၂/ကမန(နိုင်) ၀၆၆၇၅၃ |
| ၁၅။ | | ဦးသိန်းအောင် | ကျား | ချောင်းဝ | ၁၂/ကမန(နိုင်) ၁၁၈၄၇၇ |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |

ဇေကျော် ........................ ကျေးရွာအုပ်စု ဝေဖန်အကြံပြုတိုင်ကြားဖြေရှင်းရေး ဆပ်ကော်မတီ

| စဉ် | အမည် | ကျား/မ | ရွာအမည် | တာဝန် |
|---|---|---|---|---|
| ၁။ | ဦးစံပြုမြင့် | ကျား | ဇေကျော် | ဥက္ကဋ္ဌ |
| ၂။ | ဒေါ်ကြည်တင် | မ | ချောင်းဝ | အတွင်းရေးမှူး |
| ၃။ | ဦးတင်မြင့် | ကျား | ချောင်းဝ | အဖွဲ့ဝင် |
| ၄။ | ဦးဘသိန်း | ကျား | ကျုံဘ | အဖွဲ့ဝင် |
| ၅။ | ဦးစိုးဖြိုး | ကျား | ကွင်းဖြံကုန်း | အဖွဲ့ဝင် |
| ၆။ | ဒေါ်စိုးယုမော် | မ | ကွင်းဖြံကုန်း | အဖွဲ့ဝင် |
| ၇။ | ဒေါ်ဥမ္မာချို | မ | ဇေကျော် | အဖွဲ့ဝင် |
| ၈။ | ဦးချစ် | ကျား | နောင်လုံ | အဖွဲ့ဝင် |
| ၉။ | ဒေါ်သန်းဝင်း | မ | နောင်လုံ | အဖွဲ့ဝင် |
| ၁၀။ | ဒေါ်သိမ်မွေး | မ | ကျုံဘ | အဖွဲ့ဝင် |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |



နောင်လုံကျေးရွာ၊ ရေကျော်အုပ်စု အဆိုပြုရွာတွင်းလမ်းကို လိုက်လံတိုင်းတာနေပုံ



နောင်လုံကျေးရွာသောက်ရေကန် (ရေမသိုလှောင်နိုင်သည့်အပြင်ရေငန်ပေါက်နေသည်)



နောင်လုံကျေးရွာ၊ ရေကျော်အုပ်စု ဒုတိယအကြိမ်ကျေးရွာအစည်းအဝေးကျင်းပနေပုံ



နောင်လုံကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီဝင်များ





နောင်လုံကျေးရွာ ရေကျော်အုပ်စု ပထမအကြိမ်ကျေးရွာအစည်းအဝေးကျင်းပနေပုံ





နောင်လုံကျေးရွာ ရေကျော်အုပ်စု လူမှုဆန်းစစ်ခြင်းလုပ်ငန်းများ လုပ်ဆောင်နေပုံ

၂၉-၃၀-၃-၂၀၁၆

လူထုဗဟိုပြုစီမံကိန်းစီမံကိန်းလက်စွဲ

အပိုင်း-၃ ၉.၉.၂၀၁၅

## ပုံစံ-၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| | | |
|---|---|---|
| *လမ်းညွှန်ချက်/* ကျေးရွာတစ်ရွာသို့ ပထမဆုံး မိတ်ဆက်ခရီးသွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအားကျေးရွာအချက်အလက်များကိုမေတ္တာရပ်ခံ၍တောင်းခံရသည်။ဤအချက်အလက်များကိုစီမံကိန်းမိတ်ဆက်အစည်းဝေးမတိုင်မီတောင်းခံရမည်။စီမံကိန်းမိတ်ဆက်အစည်းဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအားစစ်ဆေးပြီးမှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့်ဖြည့်သွင်းရမည်။ | | |
| ကျေးရွာအုပ်ချုပ်ရေးမှူးအမည်<br>ဦးမောင်ဦး | ကျေးရွာအုပ်ချုပ်ရေးမှူး၏ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏အမည် |
| မြည်နယ်/တိုင်းဒေသကြီး ရန်ကုန် \| မြို့နယ် ကော့မှူး | ကျေးရွာအုပ်စု တဲကျော် | ကျေးရွာ နှောင်ပို |

### က. လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁)--ကရင်-- | ၉၃ | ဘာသာ(၁)--ဗုဒ္ဓ------ | ၉၃ |
| လူမျိုးစု (၂)------------ | | ဘာသာ(၂)------------ | |
| လူမျိုးစုရော------------- | | ဘာသာရော----------- | |

| | အမျိုးသား(အရေအတွက်) | အမျိုးသမီးအရေအတွက် |
|---|---|---|
| လူဦးရေ | ၂၀၉ | ၂၂၄ |
| အိမ်ထောင်ဦးစီး | ၈၁ | ၁၂ |

### (ခ)လက်လှမ်းမီအသုံးပြုနိုင်သည့်အဆောက်အဦးများ

| စာသင်ကျောင်း | | အမှတ်ခြစ်ပါ | ကျန်းမာရေး | | အမှတ်ခြစ်ပါ | ဘာသာရေးအဆောက်အဦ | | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|---|---|---|
| | အထက်တန်းကျောင်း | ☐ | | ဆေးရုံ | ☐ | | စေတီ | ☐ |
| | အလယ်တန်းကျောင်း | ☐ | | ကျန်းမာရေးဌာန | ☐ | | ဘုန်းကြီးကျောင်း | ☐ |
| | မူလတန်းကျောင်း | ☑ | | ကျန်းမာရေးဌာနခွဲ | ☐ | | ဟိန္ဒူဘုရားကျောင်း | ☐ |
| | မူကြိုကျောင်း | ☐ | | ဆေးပေးခန်း | ☐ | | ခရစ်ယာန်ကျောင်း | ☐ |
| | အခြား | ☐ | | အခြား | ☐ | | ဗလီ | ☐ |
| | | | | | | | အခြား | ☐ |
| *မှတ်ချက်* | | | *မှတ်ချက်* | | | *မှတ်ချက်* | | |

လူထုဗဟိုပြုစီမံကိန်း၊စီမံကိန်းလက်စွဲ
အပိုင်း-၃ ၉.၉.၂၀၁၅

(ဂ)ကျွမ်းကျင်သူများမှတ်တမ်း ၊ ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သောကျွမ်းကျင်သူများ

| (၁)စာသင်ကျောင်း | | | (၂)ကျန်းမာရေး | | | (၃)လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ၊ဆရာမ | ☑ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာဆရာမ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ၊ဆရာမ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ဆိုင်ရာ | ☐ | ☐ |
| မူကြိုဆရာ၊ဆရာမ | ☐ | ☐ | အရံသားဖွား | ☐ | ☑ | ရေပိုက်သွယ်သူ | ☑ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား (၁)/(၂) | ☐ | ☐ | စက်ပြင်ဆရာ | ☑ | ☐ |
| *မှတ်ချက်* | | | *မှတ်ချက်* | | | *မှတ်ချက်* | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့်လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၄င်း၏ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ(အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | (မြေသားလမ်း) | လူသွားလမ်း | အခြား ________ |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက် — ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? — ရှိပါသည်/(မရှိပါ)/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — နှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ၄င်းကျေးရွာအုပ်စု၏ဗဟိုအထိခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင် ၁ မိုင်ခွဲ /မသိပါ

(၂) ဤကျေးရွာမှ ၄င်းကျေးရွာအုပ်စုဗဟိုအထိသွားလာရာတွင်ကြာမြင့်သည့်အချိန်

ခြောက်သွေ့ရာသီတွင်ကြာချိန် မိနစ် 20 ----ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျှင်/လှား/မော်တော်ဘုတ်/ အခြား ------------------

မိုးရာသီတွင်ကြာချိန် မိနစ် 20 ------------ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျှင်/လှား/မော်တော်ဘုတ်/ အခြား ------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာသဘာဝဘေးအန္တရာယ် -

ဤကျေးရွာတွင်ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်းရှိပါသလား။

☐မရှိပါ ☑ ရှိပါသည် ရှိလျှင်ဖော်ပြပါ--- နာဂစ်၊ လေဆင်နှာမောင်း

လူထုဗဟိုပြုစီမံကိန်း၊စီမံကိန်းလက်စွဲ

အပိုင်း-၃ ၉.၉.၂၀၁၅

**(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ**

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ(သို့)ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁)------------------------------------

(၂)------------------------------------

ကျေးရွာခေါင်းဆောင် အမည် ဦးမောင်ဦး

လက်မှတ် နေ့စွဲ ၂၆-၃-၂၀၁၆

ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး

ရေကျော်ကျေးရွာအုပ်စု၊ ကော့မှူးမြို့နယ်

လူထုစည်းရုံးရေးမှူး အမည် ဦးကောင်မြင့်ဦး

လက်မှတ် နေ့စွဲ ၂၆-၃-၂၀၁၆

လူထုဗဟိုပြုစီမံကိန်း

**ပုံစံ စ-၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)**

| | | | |
|---|---|---|---|
| …ညွှန်ချက်-သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာနည်းပညာမှူးများမှ …က်ဤပုံစံကိုဖြည့်သွင်းရမည်။ | စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီ | ပြီးစီးတိုင်းကျေးရွာနှင့် | ကျေးရွာအုပ်စု |
| …ရေးမှူး/ဝန်ထမ်း အမည် | ဦးအောင်မြင့်ကိုနိုင်၊ ဦးအောင်မြင့်မြတ်၊ ဒေါ်ချိုနွယ် | | |
| ၂၉ . ၃ . ၂၀၁၆ | စက်ဝန်းအားအမှတ်ခြစ်ပါ ☑ စက်ဝန်း(၁) ☐ စက်ဝန်း(၂) ☐ စက်ဝန်း(၃) ☐ စက်ဝန်း (၄) | | |
| …ဆ်/တိုင်း ရန်ကုန် | မြို့နယ် ကော့မှူး | ကျေးရွာအုပ်စု ရှားကျော | ကျေးရွာ ဇောက်ကုံ |

| …န်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသားအရေအတွက် | အမျိုးသမီးအရေအတွက် | အိမ်ထောင်စုအရေအတွက် | လူမျိုးစုတက်ရောက်သူအရေအတွက်နှင့် လူမျိုးစုအမည် |
| …ျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၂၉.၃.၂၀၁၆ | ၂၉.၃.၂၀၁၆ | ၄၀ | ၂၄ | ၆၄ | - |
| …ျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း …်းအဝေး | ၃၀.၃.၂၀၁၆ | [illegible]-၄-၂၀၁၆ | ၃၈ | ၂၂ | ၆၀ | - |
| …ျေးရွာအုပ်စု လုပ်ငန်း …တ်ချက်ချသည့်အစည်းအဝေး | ၅-၄.၂၀၁၆ | ၅-၄-၂၀၁၆ | ၁၄ | ၁၀ | ၂၄ | - |
| …နယ်အဆင့်စီမံကိန်းရေးဆွဲရေးနှင့်အ…င်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း …ပ်မှုအစည်းအဝေး | | | မလို | မလို | မလို | မလို |
| …နယ် …န်းရေးဆွဲရေးနှင့်အကောင်အထည်ဖော်ရေးကော် …ဆုံးဖြတ်မှုကို ရွာသို့အသိပေးအကြောင်း …သည့်အစည်းအဝေး | | | | | | - |
| …ကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း …စည်းအဝေး | မလို | မလို | မလို | မလို | မလို | မလို |
| …ီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် …စီအစဉ် ရေးဆွဲခြင်း | | | | | | - |

လူထုဗဟိုပြုစီမံကိန်း

| | | | | | | |
|---|---|---|---|---|---|---|
| ယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | - - |
| ဘက္ကာရေးကုန်ကျမှု လျာထားအစီအစဉ် ခြင်း | | | | | | - - |
| ်င်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | | | | | | - - |
| ကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | မလို | မလို | မလို | မလို | မလို | မလို |
| အစည်းအဝေး ပထမအကြိမ် | | | | | | - - |
| အစည်းအဝေး ဒုတိယအကြိမ် | | | | | | - - |
| အစည်းအဝေး တတိယအကြိမ် | | | | | | - - |
| ကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း ည်းအဝေး | | | | | | - - |
| ထုစစ်ဆေးပွဲအစည်းအဝေး | | | | | | - - |

လူထုဗဟိုပြုစီမံကိန်း

## ပုံစံ စ-၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| |
|---|
| *လမ်းညွှန် ချက်* /အဆင့်(၃)ကျေးရွာမျှော်မှန်းချက်အစည်းအဝေးပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ အားလုံးသော အခက်အခဲအတားအဆီးများ၊ ဖွံ့ဖြိုးမှုဦးစားပေးအစီအစဉ်များ၊လူထုဗဟိုပြုစီမံကိန်း၏ ရန်ပုံငွေအရင်းအမြစ်နှင့် မသက်ဆိုင်သည့် လုပ်ငန်းများ အားလုံးကိုဖော်ပြရမည်။ |

| | | | | | |
|---|---|---|---|---|---|
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် | ဦးအောင်မြင့်သိန်း၊ ဦးအောင်မြင့်မြတ်၊ ဒေါ်ချစ်ချစ် | | | | |
| နေ့စွဲ | ၇.၄.၂၀၁၆ | စက်ဝန်းအား အမှတ်ခြစ်ပါ (√) ☑ စက်ဝန်း(၁) □ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း(၄) | | | |
| ပြည်နယ်/တိုင်း ရန်ကုန် | ကော့မှူး မြို့နယ် | ကျေးရွာအုပ်စု | ရေကျော် | ကျေးရွာ | နောင်ကုံ |

က. အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင်ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း(အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

